# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 19 , 2022 | Volume 57, Number 15

**၁၉.၈.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၅၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၅၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၁၈.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၁၃.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၉၇.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၁.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၈.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၃၁၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၂၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၁၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၉၀၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာ့လက်မှုပစ္စည်းများအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာတွင် လက်မှုပညာပစ္စည်းကဏ္ဍ ထည့်သွင်းသွားမည်



Source: ရတနာပုံသတင်းစာ

မြန်မာ့လက်မှုပစ္စည်းများအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာတွင် လက်မှုပညာပစ္စည်းကဏ္ဍကို ထည့်သွင်းသွားမည်ဖြစ်ကြောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန(နေပြည်တော်) ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဇံက ပြောပြ၍ သိရသည်။

မြန်မာ့ရိုးရာလက်မှုထည်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရန်၊ ခေတ်မီ နည်းစနစ်များအသုံးပြုပြီး အရည်အသွေးကောင်းမွန်သော လက်မှုထည်များ တိုးတက်ထုတ်လုပ် နိုင်စေရန်၊ လက်မှုထည်ပစ္စည်းထုတ်ကုန်များကို နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းအားမြင့်မားလာစေရန်၊ မြန်မာ့ရိုးရာ လက်မှုထည် ပစ္စည်းများ ပြည်ပတင်ပို့သည့် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အမျိုးသား ပို့ကုန်မဟာဗျူဟာဦးစားပေးကဏ္ဍများတွင် လက်မှုပညာပစ္စည်းကဏ္ဍ ပါဝင်ရန် Plan of Action ရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့လက်မှုပစ္စည်းတွေကို ပြည်ပပို့ကုန်ပစ္စည်းတစ်ခုအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် ရောင်းချနိုင်ရေးဟာ အခုလိုအချိန်အခါမှာ ကျွန်တော်တို့ နိုင်ငံအတွက်များစွာ အရေးပါနေပါတယ်။ မြန်မာတို့ရဲ့ ရိုးရာလက်မှုပစ္စည်းတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းရာကျော်ကတည်းက ပေါ်ထွန်းခဲ့ပြီး အခုကာလမှာလဲ ခေတ်နဲ့ အညီဆန်းသစ်ပြီး ထွန်းကားဆဲဖြစ်ပါတယ်။ မြန်မာ့လက်မှုပစ္စည်းတွေဟာ နိုင်ငံခြားသားခရီးသွားတွေကိုလဲ အထူးဆွဲဆောင်နေတဲ့အတွက် နိုင်ငံတကာခရီးသွားတွေ ဝင်ချိန်မှာဈေးကွက်တစ်ခုအနေနဲ့ရှိနေလို့ ဒီဈေးကွက်ကို ပြည်ပပို့ထိတိုးချဲ့နိုင်ဖို့ အမျိုးသားပို့ကုန်မဟာဗျူဟာမှာ လက်မှုပညာပစ္စည်းကဏ္ဍကို ထည့်သွင်းရေးဆွဲတာဖြစ်ပါတယ်" ဟု အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဇံက ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## အောင်လံကုန်စည်ဒိုင်တွင် တစ်ပတ်အတွင်း နှမ်းနက်(စမုံ)၊ နှမ်းဖြူ၊ နှမ်းနီဈေးများ သိသိသာသာမြင့်တက်

မကွေးတိုင်းဒေသကြီး၊ အောင်လံကုန်စည်ဒိုင်တွင် နှမ်းမျိုးစုံအရောင်းအဝယ် ဖြစ်လျှက်ရှိပါသည်။ တစ်ပတ်အတွင်း ကာလတူ (၁၀.၈.၂၀၂၂)ရက်နေ့နှင့် နှိုင်းယှဉ်ပါက (၅.၈.၂၀၂၂)ရက်နေ့တွင် နှမ်းများ စတင်ထွက်ပေါ်လာပြီး ဝယ်လိုအားကောင်း သဖြင့် နှမ်းနက်(စမုံ)၊ နှမ်းဖြူ၊ နှမ်းနီဈေးများ သိသိသာသာ မြင့်တက်လျှက်ရှိကြောင်းသိရပါသည်။ နှမ်းနက်စမုံ(သစ်) (၄၅)ပိဿာ (၁)အိတ်လျှင် ယခင်တစ်ပတ်တွင် (၂၂၀၀၀၀)ကျပ်ဈေး၊ ယခုတစ်ပတ်(၂၅၀၀၀၀)ကျပ်ဈေး ဖြစ်သည့်အတွက် (၃၀၀၀၀)ကျပ်၊ နှမ်းဖြူ(မကွေး)သစ် (၄၅)ပိဿာ (၁)အိတ်လျှင် ယခင်တစ်ပတ်တွင် (၁၉၅၀၀၀)ကျပ်ဈေး၊ ယနေ့(၂၂၀၀၀၀) ကျပ်ဈေး ဖြစ်သည့်အတွက် (၂၅၀၀၀)ကျပ်၊ နှမ်းနီ(၄၅)ပိဿာ (၁)အိတ်လျှင် ယခင်တစ်ပတ်တွင် (၁၉၅၀၀၀)ကျပ်ဈေး၊ ယခုတစ်ပတ် (၂၂၅၀၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၃၀၀၀၀)ကျပ်တို့ အသီးသီး မြင့်တက်ပြီး အရောင်းအဝယ်ဖြစ်လျှက်ရှိကြောင်း သိရပါသည်။

Source: **ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန**

## ပခုက္ကူကုန်စည်ဒိုင်တွင် တစ်ပတ်အတွင်း နှမ်းညိုဈေးမြင့်တက်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူကုန်စည်ဒိုင်တွင် ပဲမျိုးစုံတို့ အရောင်းအဝယ်ဖြစ်လျှက်ရှိရာ တစ်ပတ်အတွင်း ကာလတူ (၁၀.၈.၂၀၂၂)ရက်နေ့နှင့် နှိုင်းယှဉ်ပါက နှမ်းညို(၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၆၄၀၀၀၀)ကျပ်ဈေး၊ ယနေ့(၇၂၀၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၈၀၀၀၀)ကျပ်ဈေးမြင့်တက်ကာ အရောင်းအဝယ်ဖြစ်လျှက်ရှိကြောင်း သိရှိရပါသည်။

Source: **ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန**

## အောင်လံကုန်စည်ဒိုင်တွင် တစ်ပတ်အတွင်း ပဲမျိုးစုံဈေး ထပ်မံမြင့်တက်

မကွေးတိုင်းဒေသကြီး၊ အောင်လံကုန်စည်ဒိုင်တွင် တစ်ပတ်အတွင်းကာလတူ (၁၀.၈.၂၀၂၂) ရက်နေ့ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက အရည်အသွေးနှင့်ဝယ်လိုအားကြောင့် ပဲမျိုးစုံဈေးများ ထပ်မံမြင့်တက်ကာ အရောင်းအဝယ်အေးလျှက်ရှိကြောင်းသိရပါသည်။ ပဲစဉ်းငုံနီ (၂၀)ပိဿာ (၁)တင်းလျှင် ယခင်တစ်ပတ်တွင်(၆၀၀၀၀)ကျပ်၊ ယခုတစ်ပတ်(၆၁၂၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၁၂၀၀) ကျပ်၊ ပဲတီစိမ်း(၂၀)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၄၈၀၀၀)ကျပ် ယခုတစ်ပတ် (၄၉၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၁၀၀၀)ကျပ်၊ ကုလားပဲ(HL) (၂၀)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၅၆၀၀၀)ကျပ် ယခုတစ်ပတ် (၆၅၅၀၀) ကျပ်ဈေး ဖြစ်သည့်အတွက် (၉၅၀၀)ကျပ်၊ ကုလားပဲ(မြကြေး) (၂၀)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၅၆၀၀၀) ကျပ် ယခုတစ်ပတ် (၆၄၅၀၀) ကျပ်ဈေးဖြစ်သည့်အတွက် (၈၅၀၀)ကျပ်၊ ဘိုကိတ်ပြာ (၂၀)ပိဿာ (၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၃၇၀၀၀)ကျပ် ယခုတစ်ပတ်(၄၂၀၀၀) ကျပ်ဈေးဖြစ်သည့်အတွက် (၅၀၀၀)ကျပ်၊ ပဲကြီး(၂၀)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၇၁၀၀၀)ကျပ် ယခုတစ်ပတ် (၇၂၀၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၁၀၀၀)ကျပ်တို့ အသီးသီးဈေးတက်ကာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရပါသည်။

Source: **ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန**

## တရုတ်အစိုးရပိုင် CITIC အုပ်စုက ‘ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း’ စီမံကိန်းကို ဆက်လက်လုပ်ကိုင်ရန် စီစဉ်နေ၊ EIA/SIA လေ့လာဆန်းစစ်ခြင်းများပြုလုပ်ရန် Myanmar Survey Research (MSR) ကို ငှားရမ်းထား

အမေရိကန်ဒေါ်လာ ၁.၃ ဘီလီယံ အသုံးပြုမယ့် ‘ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း’ စီမံကိန်းကို တရုတ်အစိုးရပိုင် CITIC Consortium က ဆက်လက်လုပ်ကိုင်ဖို့ စီစဉ်နေတယ်လို့ သိရှိရပါတယ်။ ဒီစီမံကိန်းကို ဖော်ဆောင်ဖို့ CITIC အုပ်စုနဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ (KPSEZ-MC) တို့က ဖက်စပ်စာချုပ်တစ်ခုချုပ်ဆိုပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကုမ္ပဏီလီမိတက်ကို ၂၀၂၀ ပြည့်နှစ်မှာ ထူထောင်ခဲ့ပါတယ်။ ထိုစီမံကိန်းကုမ္ပဏီက အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းကို ပုံဖော်ခြင်း၊ ဒီဇိုင်းဆွဲခြင်း၊ ဆောက်လုပ်ခြင်း၊ ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ လုပ်ငန်းလွှဲပြောင်းခြင်းကိစ္စတွေ ဆောင်ရွက်မှာဖြစ်ပါတယ်။

စာချုပ်ပါ သဘောတူညီချက်အရ မဒေးကျွန်းရေနက်ဆိပ်ကမ်းနဲ့ ရမ်းဗြဲကျွန်းရေနက်ဆိပ်ကမ်း စီမံကိန်း အစိတ်အပိုင်းများ၊ စီမံကိန်းတည်ရှိတဲ့ ကျွန်းနှစ်ကျွန်းကို ဆက်သွယ်မယ့် ၁၅-ကီလိုမီတာအရှည်၊ ၄-လမ်းမောင်းလမ်းနဲ့ တံတား တည်ဆောက်ရေးလုပ်ငန်းများအတွက် EIA/SIA လေ့လာဆန်းစစ်ခြင်းတွေကို CITIC အုပ်စုက ဆောင်ရွက်ခွင့်ရရှိထားပါတယ်။

အဆိုပါလုပ်ငန်းကို ဆောင်ရွက်ဖို့ CITIC အနေနဲ့ တတိယအဖွဲ့အစည်းဖြစ်တဲ့ Myanmar Survey Research (MSR) Consortium ကို ငှားရမ်းထားပြီး MSR အနေနဲ့ လူထုတွေ့ဆုံဆွေးနွေးပွဲကို ကျောက်ဖြူမြို့နယ်နဲ့ မဒေးကျွန်းတို့မှာ ပြုလုပ်သွားမယ်လို့ ကြေညာထားပါတယ်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်ရဲ့ ရေနက်ဆိပ်ကမ်းစီမံကိန်းကို မူဘောင်သဘောတူညီချက်စာချုပ်ကို CITIC ကုမ္ပဏီနဲ့ မြန်မာအစိုးရတို့အကြား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလမှာ ချုပ်ဆိုခဲ့ကြပါတယ်။

စီမံကိန်းလုပ်ကိုင်ခွင့်ရ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကုမ္ပဏီလီမိတက်ရဲ့ အစုရှယ်ယာပိုင်ဆိုင်မှုအဖြစ် CITIC ကုမ္ပဏီက ၇၀ ရာခိုင်နှုန်းနဲ့ မြန်မာအစိုးရက ၃၀ ရာခိုင်နှုန်း ပိုင်ဆိုင်မှာလည်း ဖြစ်ပါတယ်။ စီမံကိန်းမူဘောင်သဘောတူညီချက်အရ အဆင့် ၄ ဆင့်နဲ့ ဆောင်ရွက်သွားမှာဖြစ်ပြီး ပထမအဆင့်အဖြစ် သင်္ဘောကျောက်ချရပ်နားစခန်း၊ ဆိပ်ခံတံတား ၂ ခုကို တည်ဆောက်ဖို့လျာထားပါတယ်။

မြန်မာဘက်က ပိုင်ဆိုင်တဲ့ ရှယ်ယာထဲက ၁၅ ရာခိုင်နှုန်းကိုတော့ စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်ပေးတဲ့ ကုမ္ပဏီက အဆိုပါရှယ်ယာဝေစုကို ပိုင်ဆိုင်ခွင့်ရမယ်လို့ ယခင်ပြောကြားချက်တွေအရ သိရှိရပါတယ်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်က တရုတ်နိုင်ငံက ဆောင်ရွက်နေတဲ့ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (OBOR) စီမံကိန်းရဲ့အဓိကကျတဲ့ စီမံကိန်းဖြစ်ပြီး အဆိုပါ အထူးစီးပွားရေးဇုန်အတွင်းမှာ ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်နဲ့ အိမ်ရာစီမံကိန်းတို့ ပါဝင်တယ်လို့သိရပါတယ်။

**Source: BETV Business**

## ကုန်သွယ်ရေးလိုငွေပြမှု အမေရိကန်ဒေါ်လာ ၁၁၄ သန်းရှိလာပြီဖြစ်တဲ့ လာအိုနိုင်ငံ၏ ဇူလိုင်လအခြေအနေ

လာအိုနိုင်ငံသည် ဇူလိုင်လတွင် ကုန်သွယ်ရေးလိုငွေပြမှု အမေရိကန်ဒေါ်လာ ၁၁၄သန်းရှိကြောင်း လာအိုကုန်သွယ်ရေး ပေါ်တယ်ဝက်ဘ်ဆိုက်မှ ဩဂုတ်လ ၁၂ ရက်နေ့တွင် ဖော်ပြထားသောအချက်အလက်အရ သိရသည်။

လာအိုနိုင်ငံ၌ ဇူလိုင်လတွင် ကုန်သွယ်မှု စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၆၈ သန်းရှိပြီး ၄၂၇ သန်းမှာ ပို့ကုန်တန်ဖိုးဖြစ်ပြီး ကျန် ၅၄၁ သန်းမှာ သွင်းကုန်တန်ဖိုးဖြစ်ကြောင်းသိရသည်။ လာအိုနိုင်ငံ၏ အဓိကပို့ကုန်များတွင် စက္ကူနှင့် စက္ကူထုတ်ကုန်များ၊ သစ်ပျော့ဖတ်စသည်တို့ပါဝင်ပြီး အဓိကသွင်းကုန်များတွင် စက်သုံးဆီ၊ စတီးထုတ်ကုန်များ လျှပ်စစ်ပစ္စည်းများ၊ ကေဘယ်များ၊ ပလတ်စတစ်ထုတ်ကုန်များစသည်တို့ ပါဝင်ကြောင်းသိရသည်။

ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပြီးနောက် တရုတ်နိုင်ငံသည် လာအိုနိုင်ငံအတွက် ထိပ်တန်းပို့ကုန်နိုင်ငံအဖြစ် ဆက်လက်ရှိနေသည်။ လာအိုနိုင်ငံသို့ အဓိကသွင်းကုန်နိုင်ငံများတွင် ထိုင်း၊ တရုတ်၊ ဗီယက်နမ်၊ အမေရိကန်နှင့်ဂျပန်နိုင်ငံတို့ ပါဝင်ကြောင်းသိရသည်။

**Source: Xinhua**

https://www.logisticsguide.com.mm/en/industry-news/export-import/226488-2022-08-18-05-40-20.html

## ကမ္ဘောဒီးယား-အမေရိက ကုန်သွယ်မှု ခုနစ်လအတွင်း ဒေါ်လာ ၆ ဘီလီယံနီးပါးရှိ

ကမ္ဘောဒီးယား-အမေရိက နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၂၂ ခုနှစ် ပထမခုနစ်လအတွင်း ကန်ဒေါ်လာ ၅ ဒသမ ၈၉၂ ဘီလီယံရှိပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄၅ ရာခိုင်နှုန်းတိုးမြင့်လာသည်ဟုသိရှိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဇန်နဝါရီလမှ ဇူလိုင်လအထိ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၅ ဒသမ ၆၉၅ ဘီလီယံဖိုး အမေရိကန်သို့တင်ပို့ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၄၇ ရာခိုင်နှုန်း တိုးမြင့်လာသည်ဟု စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရသိရှိရသည်။ အမေရိကမှ ကမ္ဘောဒီးယားသို့ ပြန်လည်တင်ပို့မှုလည်း ကန်ဒေါ်လာ

၁၉၆ သန်းကျော်ထိတိုးမြင့်လာပြီး ၃ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်ဟုဖော်ပြထားသည်။

အမေရိကသို့ ကမ္ဘောဒီးယား၏ အဓိကပို့ကုန်များမှာ အထည်အလိပ်၊ ဖိနပ်၊ ခရီးသွားကုန်ပစ္စည်းများနှင့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်ကြပြီး ၎င်း၏ အဓိကတင်သွင်းကုန်များမှာ မော်တော်ယာဉ်များ၊ တိရစ္ဆာန်အစာနှင့်စက်ပစ္စည်းများဖြစ်ကြသည်။

Source : Khmer Times

https://t.me/popularjournal

## STOCK EXCHANGE (19.8.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 19th Aug. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,900 | -100 | -1.43% | 7,000 | 7,000 | 6,900 | 413 | 2,856,900 | 33,109,694 | 228,457 |
| MTSH | 00002 | 2,500 | +0 | +0.00% | 2,450 | 2,500 | 2,450 | 1,504 | 3,724,750 | 38,929,150 | 97,323 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,900 | 48 | 331,200 | 10,400,986 | 71,767 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 0 | 0 | 2,472,053 | 43,261 |
| TMH | 00005 | 2,350 | +50 | +2.17% | 2,300 | 2,400 | 2,300 | 846 | 1,946,350 | 12,823,224 | 30,135 |
| EFR | 00006 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 19,977,223 | 49,943 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |


### Market summary

As of 19th Aug. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 329.60 | -1.53 | -0.46% | 330.01 | 331.87 | 329.60 | 2,811 | 8,859,200 | 7 | 573,374 |

**Index chart**



## Market Overview

### Main Board

As of 1:00 pm, 19th Aug. 2022

| MYANPIX | 329.60 ▼ 1.53 |
|---|---|
| Total Volume (shares) | 2,811 |
| Total Value (MMK) | 9 mil |
| Listed Company | 7 |
| Market Cap. (MMK) | 573,374 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,900 | ▼ 100 |
| MTSH | 00002 | 2,500 | ▲ 0 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 50 |
| EFR | 00006 | 2,500 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |

TIR